အသက်နှင့် ကယ်တင်ခြင်းတို့ကို တောင်းခံပါ။ သင့်အနေဖြင့် ခရစ်တော်ကို လက်ခံပါက ကိုယ်တော်သည် သင့်ကို လက်ခံပေမည်။ ခရစ်တော်သည် ကားတိုင်ထက်တွင် ကျွန်ုပ်တို့ အတွက် အသေခံတော်မူခဲ့၏။ ဘုရားသခင်သည် မိမိ၏သားတော်ကို ယုံကြည်သူအားလုံး၏ အပြစ်များကို ခွင့်လွှတ်တော်မူလိမ့်မည်။

*****



# ဘုရားသခင်၏ နှုတ်ကပတ်တော်

*(The Word of God )*



**စာပေးစာယူ သင်တန်းအတွက် သင်ရိုး**

# *လမ်းညွှန်ချက်များ*

ဤသင်ခန်းစာများမှ အသုံးဝင်သော အကျိုးကျေးဇူးကို ရရှိနိုင်ရန် အတွက် အောက်ပါ အဆင့်များကို လိုက်နာရန် အကြံပြုအပ်ပါသည်။

၁။ မစတင်မီ ဘုရားသခင်၏ ကူညီမစမှုကို တောင်းခံပါ။

၂။ သင်တန်းစာ တစ်ခုစီ၏ အစ၌ ပေးထားသော လမ်းညွှန်ချက်များကို သေချာစွာ ဖတ်ရှုပါ။

၃။ စာမေးပွဲ မေးခွန်းများကို မိမိ မှတ်ဉာဏ် အသုံးပြု၍ ဖြေဆိုပါ။ ခဲတံဖြင့် ဖြေဆိုပါ။

၄။ မေးခွန်းဖြေလွှာများကို ယင်းသင်ခန်းစာနှင့် ကျမ်းပုဒ်များဖြင့် ကိုက်ညီမှု ရှိမရှိကို ပြန်ကြည့်၍ အပြောင်းအလဲ ပြုလုပ်ဖို့ရန် သင်၏ ယုံကြည်မှု အရေးကြီးလှ ပါသည်။

၅။ မေးခွန်းအားလုံးများ ဖြေဆိုပြီးသောအခါ၊ စာစောင်ထဲမှ စာမေးပွဲ မေးခွန်းကဏ္ဍကိုသာ သေချာစွာ ဖယ်ထားပြီး ဖော်ပြထားသော လိပ်စာ အတိုင်း ပေးပို့ပါ။ စာမေးပွဲကဏ္ဍ မေးခွန်းများကိုသာ ပေးပို့ပါရန် အထူး သတိပြုပါ။

ကျွန်တော်တို့သည် ဤစာမေးပွဲ ဖြေလွှာကို စိစစ်ပြင်ဆင်ပြီး သင့်ထံသို့ အမြန်ဆုံး ပြန်လည် ပေးပို့ပါမည်။ ဤအစီအစဉ်၏ နောက်ဆက်တွဲ ဓမ္မသစ်ကျမ်း သင်ရိုးကိုလည်း ပေးပို့ပါလိမ့်မည်။ သင်သည် ဤသင်ရိုး၏ အနည်းဆုံး ၇၀% ကို ဆောင်ရွက်ခဲ့လျှင် နောက်ဆက်တွဲ သင်ရိုးများကို ဆက်လက် လေ့လာနိုင်ပါလိမ့်မည်။



**စေလွှတ်တော်မူသော သူကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းသောသူ ဖြစ်၏**" (၅း၂၄)။ ခရစ်တော်၏ နှုတ်ကပတ် စကားများကို ကြားနာ (ဖတ်ရှုပြီး ဘုရားသခင်အား ယုံကြည်သော သူသည် ယနေ့ပင် ထာဝရအသက်ကို ရရှိပြီဖြစ်၍ အပြစ်စီရင်ခြင်းကို မည်သည့် အခါ၌မျှ ခံရလိမ့်မည် မဟုတ်ပေ။ ဤအတွေ့အကြုံကို သင်တွေ့ကြုံခဲ့ပြီးပါသလား။ ဤကျမ်းစာ၌ သခင်ဘုရား၏ ပုဂ္ဂိုလ်တော်မြတ်နှင့် ပတ်သက်၍ အံ့ဖွယ်သမ္မာတရားတစ်ချို့ကို လေ့လာရပေသည်။

"**ငါသည်အသက်မုန့်ဖြစ်၏**" (၆း၃၅)။ ခရစ်တော်သည် မိမိထံမှီဝဲ ဆည်းကပ်သူများ၏ စိတ်နှလုံးကို ရောင့်ရဲကျေနပ်စေ၏။

"**ငါသည် လောက၏ အလင်းဖြစ်၏**" (၈း၁၂) ခရစ်တော်၏ နောက်သို့လိုက်သော သူသည် မှောင်မိုက်၌ မလျှောက်လှမ်းတော့ပါ။"

"**ငါသည် တံခါးဖြစ်၏**" (၁၀း၉)။ ကိုယ်တော်မှတစ်ဆင့် ဝင်ရောက်လျှင် လုံခြုံမှုတည်ရှိ၏။

"**ငါသည် ကောင်းသော သိုးထိန်းဖြစ်၏**" (၁၀း၁၁)။ ကိုယ်တော်သည် ကျွန်ုပ်တို့အား စောင့်ရှောက်လိမ့်မည်။

"**ငါသည် ထမြောက်ခြင်းနှင့် အသက်ရှင်ခြင်းဖြစ်၏**" (၁၁း၂၅)။ ကိုယ်တော်ကို ယုံကြည်လျှင် ကျွန်ုပ်တို့သည် သေသော်လည်းဘဲ ထာဝရ အသက် ကို ရရှိလိမ့်မည်။

"**ငါသည် လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်၏**" (၁၄း၆)။ ခမည်းတော် ထံတော်ပါးသို့ သွားရာ အခြားသောလမ်း မရှိ။ ခရစ်တော်သာလျှင် သမ္မာတရားဖြစ်။ ခရစ်တော် မပါလျှင် ဘဝအသက်တာသည် အချည်းနှီး တည်ရှိမှုသာ ဖြစ်၏။

"**ငါသည် မှန်သော စပျစ်နွယ်ပင်ဖြစ်၏**" (၁၅း၁)။ ကိုယ်တော်၌ ကျွန်ုပ်တို့ တည်ရှိနေလျှင် မိမိတို့သည် ကိုယ်တော်၏ အစွမ်းသတ္တိနှင့် တတ်စွမ်းနိုင်မှုကို မျှဝေပိုင်ဆိုင်စေမည်။ ဘုရားသခင်၏ သားတော်၊ ဘုရားသခင်၏ နှုတ်ကပတ်တော် တည်းဟူသော ယေရှုခရစ်သည် အံ့ဖွယ်ကယ်တင်ရှင် ဖြစ်တော်မူသတည်း။ "ကိုယ်တော်သည် ကျွန်ုပ်၏ ကယ်တင်ရှင်ဖြစ်၏" ဟူ၍ သင် ပြောဆိုနိုင်ပြီလား။ မပြောဆို နိုင်သေးဘူးဆိုလျှင် ယခုပင် ခရစ်တော်ကို ယုံကြည်၍ ထာဝရ

ယုံကြည်လျှင်၊ သင်သည် ယခု ကယ်တင်ခြင်းသို့ရောက်ပြီး ထာဝရအသက်ကို ရရှိမည်။

## ထင်ရှားသော ကျမ်းချက်များ

ယောဟန်အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ မှုတ်သွင်းမှုအောက်၌ ရေးသားထားသော ကျမ်းချက်များစွာ ဤစာအုပ် ထဲ၌ရှိ၏။ ကျွန်ုပ်တို့သည် အချို့တို့ကို ထုတ်ဖော်၍ အလွတ် ကျက်မှတ်ဖို့ရန် တိုက်တွန်းလိုပါ၏။ **"ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏"** (၁း ၁၂)။

ဤနေရာ၌ သားတော်ကို ယုံကြည်သူများအား ကိုယ်တော်က ဘုရားသခင်၏ သားသမီး ဖြစ်ရသော အခွင့်တန်ခိုးကို ပေးနေကြောင်း ကျွန်ုပ်တို့ လေ့လာရပေသည်။ ဤသို့သော တန်ခိုး အခွင့်အာဏာကို မည်သူတစ်ဦး၌မျှ မရှိ မည်သည့် ဘာသာတရား၌လည်း မရှိ။ ခရစ်တော်ကို လက်ခံခြင်း အားဖြင့် သာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်လာနိုင်သည်။

**"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏"** (၃း ၁၆)။

ဤကျမ်းပိုဒ်သည် လူသိအများဆုံးနှင့် ကျမ်းစာတစ်အုပ်လုံး၌ အရေးကြီးဆုံး ကျမ်းချက် များထဲမှ တစ်ခုဖြစ်၏။ ဤကျမ်းပိုဒ်က ဘုရားသခင်သည် ဤလောကကို လွန်စွာ ချစ်ခင်မြတ်နိုးသဖြင့် ကျွန်ုပ်တို့အား မိမိသားတော်ကို ပေးကြောင်း ပြောဆိုထား၏။

**"သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ၊ မယုံကြည် သောသူ မူကား ဘုရားသခင်၌ တစ်ပါးတည်းသော သားတော်ကို မယုံကြည်သော ကြောင့် ယခုပင်အပြစ် စီင်ခြင်းကိုခံရ၏"** (၃း၈)။

**"သားတော်ကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကို မတွေ့ရ။ ထိုသူ၏ အပေါ်၌ ဘုရားသခင်၏ အမျက်တော် တည်နေသည်. . . "** (၃း၃၆)။

**"ငါအမှန်အကန် ဆိုသည်ကား၊ ငါ့စကားကို နားထောင်၍ ငါ့ကို**



*သင်ခန်းစာ (၁)*

# ဤလောကသို့ ဘုရားသခင် ကြွမြန်းလာခဲ့စဉ်

***ကျောင်းသားလမ်းညွှန်***

၁။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး (၁)၊ အငယ်(၁မှ ၁၈) အထိ ဖတ်ရှုပါ။

၂။ ဤစာမျက်နှာ၌ပါရှိသော သင်ခန်းစာကို ဖတ်ရှုပါ။

၃။ စာမေးပွဲအမှတ် (၁) ၏ မေးခွန်းများကို ဖြေဆိုပါ။

ဤကျမ်းစာအုပ်၌ ယောဟန်သည် သခင်ယေရှု ခရစ်တော်၏ ဘဝသက်တော်စဉ်ကို ပြောပြထားသည်။ မိမိခမည်းတော်၏ အကြောင်းကို လူသားတို့အား ပြောပြ ဖို့ရန် ဘုရားသခင်၏ သားတော်သည် ဤလောကသို့ ကြွဆင်းခဲ့ခြင်းဖြစ်၏။ ခရစ်တော်အား ဘုရားသခင်၏ နှုတ်ကပတ်တော်ဟုခေါ်ဆိုပါသည်။ အကြောင်းမှာ ဘုရားသခင်သည် လူကို စကားပြောဆိုရာ၌ ခရစ်တော်မှ တစ်ဆင့် ပြောဆိုလေ့ရှိသောကြောင့်တည်း။ ခရစ်တော်သည် ဘုရားသခင်၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်ဖြစ်၏။ ဤကျမ်းစာ၌ ခရစ်တော်၏ အသံကို ကျွန်ုပ်တို့ နားထောင်သောအခါ မိမိတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားထောင်နေခြင်းဖြစ်၏။

***ဘုရားသခင်၏နှုတ်ကပတ်တော် မကြွဆင်းမီအချိန်ကာလ။ (ငယ် ၁-၅)***

ကမ္ဘာလောကအား ဖန်ဆင်းခဲ့ချိန် နေ့ရက်ကာလ အတိအကျကို ကျွန်ုပ်တို့ မသိရှိကြပါ။ ရှေးနှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်ကာလ မတိုင်မှီကတည်းက နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိတော်မူနှင့်ခဲ့ပြီ။ ထိုနှုတ်ကပတ်တော်ကို ဘုရား သခင်၏ သားတော်ဟူ၍လည်း ခေါ်၏။ အစအဦး၌ ထိုနှုတ်ကပတ်တော်သည် ဘုရားသခင် နှင့်အတူ ရှိတော်မူ၏။

မည်သူတစ်ယောက်ကမျှ ဘုရားကို မဖန်ဆင်းခဲ့ပါ။ ဘုရား၌ အစပြုခြင်းဟူ၍ မရှိ။ ဘုရားသခင်သည် သားတော်ကို မဖန်းဆင်းခဲ့ပါ။ အစအဦး၌ ရှိတော်မူသော နှုတ်ကပတ်တော်သည်ပင် ဘုရားသခင် ဖြစ်၍ ဘုရားသခင်၏ သားတော် ဟုလည်း ခေါ်၏။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့၏။ မြင်နိုင်သောအရာ မမြင်နိုင်သော အရာအားလုံးသည် ဘုရားသခင်၏ ဖန်ဆင်းခြင်းအားဖြင့် ဖြစ်ကြ၏။ အရာခပ်သိမ်းသည် သားတော်ဘုရား အားဖြင့် ဖန်ဆင်းတော်မူ၏။ (ငယ် ၃)။ ဤနေရာ၌ ဘုရားသခင်သည် သားတော်ကို

ဖန်ဆင်းခဲ့ခြင်း မဟုတ်ကြောင်းနှင့် အရာခပ်သိမ်းတို့သည် သားတော် ၏ ဖန်ဆင်းခြင်းဖြင့် တည်ရှိနေကြောင်း တွေ့ရှိရ၏။

နှုတ်ကပတ်တော်ကို အလင်းတော်ဟူ၍ လည်းခေါ်၏။ အကြောင်းမှာ သူသည် လူတို့အား ဘုရားသခင့် ထံတော်ပါးသို့ သွားရာလမ်းကို လမ်းညွှန်ပြလေ့ရှိသောကြောင့်တည်း။

### ***ဤလောကသို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကြွမြန်းလာခဲ့စဉ်။ (ငယ် ၆-၁၈)***

ရှင်ဘုရင်ကြီး တစ်ပါးသည် တစ်နေရာရာသို့ ခရီးပြုဖို့ ကြံစည်သည့်အခါ မိမိ၏ကြွ လာခြင်းကို ကြေငြာဖို့ အစေအပါး တစ်ဦး (သို့မဟုတ်) ကိုယ်စားလှယ် တစ်ဦးကို မိမိ ရှေ့၌ စေလွှတ်လေ့ရှိ၏။ ဘုရားသခင်သည် နှုတ်ကပတ်တော်ကို ဤလောကသို့ စေလွှတ်ခဲ့စဉ်တွင် ဘုရားသခင့် သားတော်၏ ကြွလာခြင်းကို လူတို့အား ကြားပြောဖို့ရန် ဗတ္တိဇံဆရာ ယောဟန်အား ရှေ့တော်ပြေးအဖြစ် စေလွှတ်ခဲ့၏ (ငယ် ၆)။ ယောဟန်သည် အလင်းတော် မဟုတ်၊ ထိုအလင်းတော်၏ အကြောင်းကို သက်သေခံဖို့ စေလွှတ်ခြင်းကို ခံသောသူသာဖြစ်သည်။ လူတိုင်း ခရစ်တော်ကို ယုံကြည်သက်ဝင်ဖို့ရန်မှာ သူ၏ ဆန္ဒဖြစ်၏။

ဘုရားသခင်၏ သားတော်တည်းဟူသော ခရစ်တော်အားဖြင့် ဤကမ္ဘာလောကသည် ဖြစ်တည်ခဲ့၏။ သို့သော်ငြားလည်း ခရစ်တော် ဤလောကသို့ ကြွခဲ့စဉ်တွင် မိမိလူတို့ကိုယ်တိုင်က မိမိကိုလက်မခံ အသိအမှတ် မပြုခဲ့ချေ။ မည်သို့ပင်ဖြစ်စေကာမူ ကိုယ်တော်ကို လက်ခံခဲ့သောသူများနှင့် ယခုပင် လက်ခံသော သူတို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်လာကြ၏။ ဤသို့ ဘုရားသခင်၏ သားတစ်ဦးအဖြစ် အသစ်မွေးဖွားလာခြင်း အတွေ့အကြုံကို ရရှိဖို့ သို့မဟုတ် လက်ခံဖို့ရန်အတွက် ခရစ်တော်ကို လက်ခံရမည်ဖြစ်၏။ ဆိုလိုသည်မှာ ကိုယ်တော်၏ နာမတော်အား ယုံကြည်ခြင်းဖြစ်၏။ ကိုယ်တော်၏ နာမတော်ကို ယုံကြည်သော သူ ရှိသမျှတို့အား ဘုရားသခင်၏ သားသမီးများဖြစ်ရသော တန်ခိုးကို ပေးထား၏။ (ငယ် ၁၂)။ တစ်ဦး တစ်ယောက်၏ မိဘသည် ဘုရားသခင်၏ သားသမီးဖြစ်နေခြင်းဖြင့် မိမိတို့ သားသမီးများသည် အလိုအလျောက်ဖြင့် ဘုရားသား မဖြစ်နိုင်ပါ။ မည်သူတစ်ဦး တစ်ယောက်မျှ မိမိကိုယ်ကို ဘုရားသားအဖြစ် မပြုလုပ်နိုင်ပေ။ မြေကြီးပေါ်တွင် ဘုရားသခင်၏ သားတစ်ဦး ဖြစ်စေနိုင်သောသူ တစ်ဦးမျှ မရှိပေ။



ပြောလိုက်ရာ သူမက၊ ကိုယ်တော် ဖြစ်မှန်း မရိပ်မိဘဲ နေလေ၏။ (ငယ် ၁၆)။

### ***သခင်ဘုရားကို မြင်တွေ့ခဲ့သော တပည့်တော်များ (အခန်းကြီး ၂၀၊ ငယ် ၁၉-၃၁)***

တပည့်တော်များသည် အထက်ခန်းမ တစ်ခု၌ စည်းဝေးလျက် ရှိပြီး ဂျူးများအား ကြောက်သဖြင့် တံခါးကို ပိတ်ထားခဲ့ကြ၏။ သခင်ယေရှုသည် သူတို့၏အလယ်၌ပေါ်လာ၍ မိမိသည် အသက်ရှင်နေကြောင်း သူတို့အား ပြသခဲ့၏။ “ငြိမ်သက်ခြင်း ရှိပါစေသော” ဟူ၍ သူတို့ကို နှုတ်ဆက်တော်မူ၏။ သူတို့သည် အလွန် ဝမ်းမြောက်ကြ၏။ သောမသည် ဤအချိန်တွင် သူတို့နှင့်အတူ မရှိခဲ့သဖြင့် ကိုယ်တော် ထမြောက်တော်မူကြောင်းကို မယုံကြည်ခဲ့ပေ။ နောက် ရှစ်ရက်အကြာ တွင် သခင်ဘုရားသည် တပည့်တော်များ ထံသို့ ပေါ်လာပြန်၏။ ဒီတစ်ကြိမ်တွင် သူတို့နှင့်အတူ သောမလည်းပါရှိ၏။ သခင်ဘုရားသည် အထူး သဖြင့် သောမအား မိမိ၏ မယုံကြည်မှုအတွက် ဆုံးမလျက် မိမိကိုယ်ကို ပြသခဲ့ရာ သောမက “ကျွန်ုပ်၏ သခင်နှင့် ကျွန်ုပ်၏ ဘုရား” ဟု ဟစ်ခေါ်လေ၏။

### ***ငါးဖမ်းသွားကြသော တပည့်တော်များ (အခန်းကြီး ၂၁)***

နောက်ပိုင်းတွင် တပည့်တော်တို့သည် ငါးဖမ်းထွက်ကြရာ တစ်ညလုံး လိုက်ဖမ်းကြ၏။ သို့သော် တစ်ကောင်ကိုမျှ မရခဲ့ကြပါ။ နံနက်ရောက်သောအခါ သူတို့က ကမ်းခြေ၌ မီးသွေးမီးပုံ နားမှာ သခင်ဘုရား ရပ်နေတော်မူသည်ကို တွေ့ကြ၏။ ကိုယ်တော်က လှေ၏ လက်ျာဘက်သို့ သူတို့၏ ပိုက်ကွန်ကို ပစ်ချရန် မိန့်ဆို၏။ သူတို့သည် များစွာသောငါးတို့ကို ဖမ်းမိကြ၏။ ထိုအခါ သခင်ဘုရား ဖြစ်မှန်း သူတို့ မှတ်မိကြတော့၏။ ယေရှုသည်လည်း ငါးများကို ပြင်ဆင်၍ သူတို့သည် အတူတကွ သုံးဆောင်ကြ၏။

ထို့နောက် သခင်ဘုရားက ရှိမုန်ပေတရုအား “ယောန၏သား ရှိမုန်၊ သင်သည် ဤသူရှိ သမျှထက် ငါ့ကိုသာ၍ချစ်သလော” ဟု သုံးကြိမ်တိုင်တိုင် မေးတော်မူခဲ့၏။ ထို့နောက် “ငါ့ သိုးတို့ကို ကျွေးမွေးလော့” ဟူ၍ ပေတရုအား မိန့်တော်မူ၏ (ငယ်၊ ၁၅-၁၇)။

### ***တပည့်တော်ယောဟန်သည် ဤကျမ်းစာအုပ်ကို ရေးသားခဲ့၏။ (ငယ် ၂၄)***

ဤကျမ်းစာအုပ် ထဲ၌ မှတ်တမ်းတင်ထားသော အရာများစွာထက်သာ၍ များသော သွန်သင်ခြင်း၊ လုပ်ဆောင်ခြင်းများလည်း ခရစ်တော် ပြုတော်မူခဲ့၏ (ငယ် ၂၅)။ သင်သည် ယေရှုခရစ်တော်ကို ဘုရားသခင်၏သားတော်ဖြစ်ကြောင်း

ကောင်း၊ ပိလတ်မင်းသည် နောက်ဆုံးတွင် ကိုယ်တော်ကို ကားတိုင်ထက် တင်သတ်ဖို့ရန် ဂျူးလူမျိုးများ လက်သို့ မည်သို့ အပ်ခဲ့သည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့ တွေ့ရှိခဲ့ကြပြီးပြီ။ သင်သည် ခရစ်တော်ကို ချစ်သောသူတို့ ဘက်၌ ရှိနေပါသလား။ သို့တည်းမဟုတ် ကိုယ်တော်ကို မုန်းသောသူတို့ဘက်၌ ရှိနေမည်သလော။

### *သင်ခန်းစာ (၁၂)*

## သေခြင်းမှ ထမြောက်တော်မူသော ခရစ်တော်

***ကျောင်းသားလမ်းညွှန်***

၁။ ရှင်ယောဟန် ခရစ်ဝင်ကျမ်း အခန်းကြီး (၂၀ နှင့် ၂၁) ဖတ်ရှုပါ။

၂။ သင်ခန်းစာကို ဂရုစိုက်၍ဖတ်ရှုပါ။

၃။ စာမေးပွဲ (၁၂)

၄။ စာမေးပွဲကဏ္ဍကိုသာ အမှား ပြင်ချက်ပြုဖို့အတွက် ပေးပို့ပါ။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် လူဇာတိကို ခံယူ၍ လူသားတို့ထဲတွင် နေတော်မူ၏။ ခရစ်တော်က ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဤလောကသားများအား ပြတော်မူ၏၊ သို့သော်လည်း များစွာသော လူတို့က မုန်းတီးကြ၏။ တရားသူကြီး တစ်ဦးထံသို့ ခရစ်တော်အား ခေါ်ဆောင်သွားကြပြီး လူအများတို့သည် ခရစ်တော်ကို အသေသတ်ရန် အော်ဟစ်တောင်းဆိုခဲ့ကြ၏။ ခရစ်တော်သည် သေဆုံးခဲ့သော်လည်း ဘုရားသခင်သည် ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူ၏။

***သခင်ဘုရားကို ဖူးမြင်သော မာဂဒလမာရိ***
***(အခန်းကြီး ၂၀၊ ငယ် ၁-၁၈)***

တနင်္ဂနွေနေ့ နံနက်စောစော မာဂဒလမာရိသည် ထ၍ သခင်ဘုရား၏ အလောင်းတော်ကို ထားရှိရာ နေရာသို့ သွားလေ၏။ ပိတ်ထားလျက်ရှိသော သင်္ချိုင်းဂူဝကျောက်တုံးကြီး လိမ့်လှန်ခဲ့သည်ကို သူမသည် မြင်တွေ့လေ၏။ သူမသည် ပေတရုနှင့် ယောဟန်တို့ ထံသို့ အလောင်းတော် မရှိတော့ကြောင်း ပြောကြားခြင်းငှါ ပြေးသွားလေ၏။

တပည့်တော်တို့သည် မိမိတို့ နေအိမ်သို့ ပြန်သွားကြ၍ မာဂဒလမာရိမူကား သင်္ချိုင်းဂူ ပြင်သို့ ငိုကြွေးလျက် နေရစ်လေ၏။ ယေရှုသည် သူမအား စကား



ခရစ်တော်ကို ယုံကြည်ခြင်းနှင့် လက်ခံခြင်းဖြင့်သာလျှင် တစ်စုံ တစ်ဦးသည် ဘုရားသခင်၏ သားဖြစ်နိုင်ပေ၏။

“အဘယ်သို့နည်းဟူမူကား သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏ သားဖြစ်ကြ၏” (ဂလာတိ ၃း၂၆)။ “သင်တို့သည် ဖောက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့်ဖြစ်သွားသည်မဟုတ်။ မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသောအသက်ရှင်၍ အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်၏ နှုတ် ကပတ်တော်အားဖြင့် ဖြစ်သွားသောကြောင့်”(၁ပေ၊ ၁း၂၃)။

“လူမျိုးနှင့် စပ်ဆိုင်၍ ဖွားသောသား မဟုတ်။ မေထုန် သံဝါသအားဖြင့် ဘွားသော သားမဟုတ်။ လူအလိုအလျောက်ဘွားသောသား မဟုတ်။ ဘုရားသခင် ဘွားတော်မူသော သား ဖြစ်သတည်း။ (ယော ၁း၁၃)

### *သင်ခန်းစာ ၂*

## ခရစ်တော်၏ တပည့်တော်များ

***ကျောင်းသားလမ်းညွှန်***

၁။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး (၁)၊ အငယ် (၁၉ မှ အခန်းကြီး ၂)၊ အငယ် (၂၅) အထိ ဖတ်ရှုပါ။

၂။ သင်ခန်းစာကို ဖတ်ရှုပါ။

၃။ စာမေးပွဲ (၂)၏ မေးခွန်းများကို ဖြေဆိုပါ။

ပထမသင်ခန်းစာ၌ ယေရှုခရစ်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရှိခဲ့ပြီဖြစ်၏။ ကိုယ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် အလင်းတော်လည်း ဖြစ်၏။ ကိုယ်တော်ကို လက်ခံခြင်းနှင့် ယုံကြည်ခြင်း အားဖြင့် တစ်ဦးတစ်ယောက်သည် ဘုရားသခင်၏ သားဖြစ်ရ၏။

***ခရစ်တော်အကြောင်းကို လူတို့ထံ ယောဟန်၏ ပြောပြချက်၊ (အခန်းကြီး ၁၊ အငယ် ၁၉-၃၄)***

မိမိသည်ခရစ်တော်ဟုတ်မဟုတ် မေးမြန်းစုံစမ်းဖို့ရန် ယောဟန်ထံသို့ ယေရုဆလင်မြို့ မှ စေလွှတ်သော လူအချို့လာရောက်ခဲ့ကြသည်။ သူ၏အဖြေမှာ ဤသို့ဖြစ်၏။ “ငါသည်အသံ ဖြစ်၏” (ငယ် ၂၃)။ မိမိသည်လူတို့ထံ ခရစ်တော် အကြောင်း ကြေငြာဖို့ရန်သာ ကြွလာခဲ့ခြင်း ဖြစ်ကြောင်း သူသည်ပြောဆို၏။

နောက်တစ်နေ့တွင် ယောဟန်သည် ယေရှုကို တွေ့မြင်သည်နှင့် ဤသို့ပြောဆို၏။

“ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်ရှုလော့။” (ငယ် ၂၉)။ အပြစ်ကိုဆောင်ယူသွားဖို့ရန် ခရစ်တော်သည် သိုးသငယ် တစ်ကောင်ကဲ့သို့ သေခဲ့ ရ၏။ ကိုယ်တော်သည် မိမိ၏ အသက်ကို စွန့်ခဲ့ပြီဖြစ်၍ ကျွန်ုပ်တို့ အနေဖြင့် မိမိတို့ အပြစ်အတွက် သေစရာ မလိုတော့ပေ။ ဤအကြောင်းကြောင့် ယောဟန်သည် ယေရှုခရစ်ကို ဘုရားသခင်၏ သိုးသငယ်ဟု ခေါ်ဝေါ်သမုတ်ခြင်းဖြစ်၏။ ခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ယောဟန် သိရှိခဲ့ပြီးဖြစ်၏။ (ငယ် ၃၄)

***ခရစ်တော်၏ ကနဦးတပည့်တော်များ (အခန်းကြီး ၁၊ ငယ် ၃၅-၅၁)***

ယေရှုသည်အပြစ်ကို ယူဆောင်ဖယ်ရှားနိုင်ကြောင်း ယောဟန်က ပြောဆိုသောအခါ လူအချို့တို့သည် ခရစ်တော်နောက်သို့ လိုက်လိုကြ၏။ ယေရှုသည် ထိုသူတို့အား ဝမ်းမြောက်စွာ လက်ခံတော်မူခဲ့၏ (ငယ် ၃၉)။ ထိုသူတို့အထဲမှ တစ်ဦးသည် အန္ဒြေဖြစ်၏။ သူသည် ရှိမုန်ပေတရုအား ခရစ်တော်ထံသို့ ပို့ဆောင်ခဲ့၏။ (ငယ် ၄၁ နှင့် ၄၂)။

နောက်တစ်နေ့၌ခရစ်တော်သည် ဖိလိပ္ပုကို တွေ့မြင်သောအခါ “ငါ့နောက်သို့ လိုက်လော့” ဟု မိန့်ဆို၏။ ဖိလိပ္ပုက နာသနေလအား ခရစ်တော်ကို လာရောက်ဖူးမြော်ဖို့ရန် ဖိတ်ခေါ်လေ၏။ နာသနေလက ခရစ်တော်သည် ဘုရားသခင်၏ သားတော်နှင့် အဏ္ဏသရေလ ရှင်ဘုရင် ဖြစ်ကြောင်း သိမှတ်ဝန်ခံခဲ့၏။ ဤသူတို့သည် ခရစ်တော်၏ ခေါ်သံကို ကြား၍ နောက်တော်သို့ လိုက်ကြ၏။

***ပထမဦးဆုံး နိမိတ်လက္ခဏာ (အခန်းကြီး ၂)***

ယေရှုနှင့်အတူ မယ်တော် မာရိ အပါအဝင် တပည့်တော်များသည် ဂါလိလဲပြည်ကာန မြို့မင်္ဂလာဆောင်ပွဲတစ်ခုက ဖိတ်ကြားထား၏။ ယေရှုကရေကို စပျစ်ဝိုင်အဖြစ်သို့ ပြောင်းပစ် လိုက်၏။ မာရိက ဤအမှုကို မတတ်နိုင်သဖြင့် အစေခံများအား “သူစေခိုင်းသမျှတို့ကို ပြုကြလော့” ဟုဆို၏။ (ငယ် ၅)။ ယေရှုက မိမိသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း တပည့်တော်တို့အား ပြသဖို့ အလို့ငှါ ဤနမိတ်လက္ခဏာကို ပြုတော်မူခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ကိုယ်တော်သည် များစွာသော နိမိတ်လက္ခဏာတို့ကို ပြတော်မူခဲ့၏။

တစ်ချိန်တွင် သခင်ဘုရားသည် ဗိမာန်တော်သို့ ကြွသွားပြီး ဘုရားသခင်၏ ဗိမာန်တော်ထဲ၌ စီးပွားရေးသောင်းကျန်းနေသူများကို နှင်ထုတ်တော်မူ၏။ မိမိသည်



ယုဒသည် ယဇ်ပုရောဟိတ် အချို့တို့နှင့် တိုင်ပင်၍ ခရစ်တော်ကို သူတို့လက်သို့ အပ်နှံဖို့ ကြံစည်နေ၏။ သခင်ယေရှုသည် ခုခံခြင်းသော်လည်းကောင်း၊ သို့တည်းမဟုတ် ထွက်ပြေးဖို့ရန် လည်းကောင်း မကြိုးစားခဲ့ချေ။ ကိုယ်တော်သည် မိမိအား ဖမ်းဆီးဖို့ရန် လာရောက်ကြသူတို့ထံသို့ မိမိကိုယ်ကို အလိုအလျောက် အပ်နှံတော်မူခဲ့၏။ ခရစ်တော်သည် စစ်ဆေးမေးမြန်းခြင်းခံနေရစဉ်တွင် ပေတရုက မိမိသခင်အား သုံးကြိမ်ငြင်းပယ်ခဲ့၏။ (ငယ် ၁၇၊ ၂၅၊ ၂၇)။

***ပိလတ်မင်း၏ရှေ့မှာ  ခရစ်တော် (အခန်းကြီး ၁၈၊ အခန်းငယ် ၁၈ မှ အခန်းကြီး ၁၉၊ ငယ် ၁၆ ထိ)***

ဂျူးလူမျိုးတို့က ခရစ်တော်ကို အသေသတ်ချင်ကြသော်ငြားလည်း ထိုသို့ပြုဖို့ရန် အခွင့်အာဏာ မရရှိကြ၏။ ပိလတ်မင်းကြီးသည် အစ္စရေးလ်နိုင်ငံကို တရားစီရင်ပိုင်သော ရောမတရားသူကြီး ဖြစ်၍ အခွင့်အာဏာ ရှိ၏။ ခရစ်တော်၏ အမှုကို ကြားနာစစ်ဆေးပြီးနောက် အပြစ် မရှိကြောင်း တွေ့ရှိရသဖြင့် ကိုယ်တော်ကို လွှတ်ပေးလို၏။ သို့ရာတွင် လူတို့က ခရစ်တော်ကို သေစေလိုကြ၏။ သေစားသေစေအဖြစ် သူခိုးဓါးပြတစ်ဦးဖြစ်သူ ဗာရဗ္ဗအား လွှတ်ပေးရန် အော်ဟစ်တောင်းဆိုခဲ့ကြ၏ (ငယ် ၄၀)။

***ကားတိုင်ပေါ်၌ ခရစ်တော် အသေခံတော်မူခြင်း (အခန်းကြီး ၁၉၊ အပိုဒ်ငယ် ၁၇-၄၂)***

ခရစ်တော်ကို မြို့ပြင်သို့ ဆောင်သွားကြ၏။ ကိုယ်တော်၏ လက်တော်နှင့် ခြေဖဝါး တို့ကို လက်ဝါးကပ်တိုင်ပေါ်တွင် သံမှိုဖြင့် ရိုက်ကပ်ထား၏။ ကားတိုင်ထက်ဝယ် ဝေဒနာ ပြင်းစွာ ခံစားနေရသည့် ကြားထဲမှ မိခင်ကို သတိရသဖြင့် မိခင်၏ နောင်ရေးအတွက် စီစဉ်ပေးခဲ့ရှာ၏ (ငယ် ၂၆-၂၈)။ နောက်ဆုံးတွင် “အမှုပြီးပြီ” ဟု ကြွေးကြော်တော်မူခဲ့ပြီး (ငယ် ၃၀)။ မိမိဝိညာဉ်ကို စွန့်လွှတ်လေ၏။ စစ်သားတစ်ဦးသည်လာ၍ ကိုယ်တော်၏ နံဘေးတော်ကို လှံနှင့် ထိုးလိုက်၏။ အရိမသဲမြို့သား ယောသပ်သည် ပိလတ်မင်းထံသို့ အရဲစွန့်၍ သွားပြီး ယေရှု၏ အလောင်းကို တောင်း၏။ နိကောဒင်သည်လည်း ရောက်ရှိလာပြီး ယောသပ်ကို ကူညီ၍ ခရစ်တော်၏ အလောင်းကို သင်္ဂြိုလ်ဖို့ရန် ပြင်ဆင်လျက် ဥယျာဉ်တစ်ခု၏ အနီးအပါး၌ ရှိသော သင်္ချိုင်းဂူသစ် တစ်ခု ထဲ၌ ထားကြ၏။

ယေရှုအား မုန်းတီးသူများကို ယုဒသည် မည်ကဲ့သို့ ကူညီခဲ့သည်ကို လည်းကောင်း၊ ဂျူးတို့က ယေရှုကိုမည်မျှအထိ သေစေလိုနေကြောင်းကိုလည်း

ကိုယ်တော်သည် မိမိရှိတော်မူရာအရပ်၌ ကျွန်ုပ်တို့နှင့်အတူ ရှိနေချင်သည်မှာ သံသယ ရှိစရာ မလိုပေ။ အပိုဒ်ငယ် (၂၄) ၌ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေနိုင်ဖို့ရန် ဆုတောင်းတော်မူကြောင်း တွေ့ရသည်။ မိမိတို့ အတူတကွ မနေမချင်း ကျွန်ုပ်တို့နှင့် ခရစ်တော်၏ မိတ်သဟာဖွဲ့ခြင်း ပြီးပြည့်စုံမည် မဟုတ်ပါ။ ခမည်းတော်၏ ရှေ့တော်မှောက်၌ ကိုယ်တော်နှင့်အတူ ရှိနေကြဖို့ရန် အတွက် ခရစ်တော်သည် ကျွန်ုပ်တို့ကို ခေါ်ဆောင်သွားဖို့ငှါ တစ်ဖန် ကြွလာ ဦးမည်ဖြစ်၏။ ချစ်မိတ်ဆွေ၊ ခရစ်တော်ကို မိမိ အလုံးစုံ၏ မိမိကယ်တင်ပိုင်ရှင် အဖြစ် လုံးလုံး လျားလျား လက်ခံခြင်း မရှိခဲ့သေးဘူးဆိုလျှင် သင်သည် ခမည်းတော်နှင့် လည်းကောင်း၊ သားတော်နှင့်လည်းကောင်း သက်ဆိုင်မှု မရရှိနိုင်။ အဘယ်ကြောင့် ခရစ်တော်ကို ယနေ့ လက်မခံသေးပါသနည်း။

## *သင်ခန်းစာ (၁၁)*
## ကားတိုင်လမ်းကြောင်းပေါ်က ခရစ်တော်

***ကျောင်းသားလမ်းညွှန်***

၁။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအခန်းကြီး (၁၈ နှင့် ၁၉) ဖတ်ရှုပါ။

၂။ သင်ခန်းစာကို ဂရုစိုက်၍ ဖတ်ရှုပါ။

၃။ စာမေးပွဲ (၁၁) ၏ မေးခွန်းများကို ဖြေဆိုပါ။

ဤသင်ခန်းစာက ကျွန်ုပ်တို့အား သခင်ယေရှုခရစ်၏ သေခြင်းတရားအကြောင်းသို့ ပို့ဆောင်ပေး၏။ ဘာကြောင့်များ ဘုရားသခင်၏ သားတော်ကဲ့သို့သော ပုဂ္ဂိုလ် တစ်ဦးသည် အသေခံရပါလိမ့် ဟူ၍ သင်သည် မိမိကိုယ်ကို မေးကောင်းမေးပါလိမ့်မည်။ ဘုရားသခင်၏ သားတော်သည် လူဇာတိကို ခံယူတော်မူခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးဖြစ်၏။ ကိုယ်တော်သည် လူသားများအတွက် အသေခံဖို့အလို့ငှါ လူသားတစ်ဦးအဖြစ်သို့ လူဇာတိ ခံယူတော်မူခြင်း ဖြစ်သည်။

***လူသားများ၏ တရားစီရင်ခြင်းကို ခံယူတော်မူသော ခရစ်တော် (အခန်းကြီး ၁၈၊ အခန်းငယ် ၁-၂၇)***

တပည့်တော်များအတွက် ကိုယ်စားပြု ဆုတောင်းပေးပြီးနောက် ခရစ်တော်သည် ဥယျာဉ်တစ်ခုထဲသို့ တစ်ဖန်ဆုတောင်းဖို့ရန် ကြွသွားတော်မူ၏။



အသက်စွန့်ပြီးနောက် ရှင်ပြန်ထမြောက်မည်အကြောင်း ထိုသူတို့အား မိန့်တော်မူခဲ့၏။ အများက မိမိတို့သည် ကိုယ်တော်၏နာမကို အယုံအကြည် ရှိပါကြောင်း လျှောက်ဆိုကြ၏ (ငယ်၂၃)။ သို့ရာတွင် ကိုယ်တော်သည် လူတစ်ဦးစီ၏ စိတ်နှလုံးကို သိတော်မူ၏။ သင့်အနေဖြင့် ခရစ်တော်ကို ဘုရားသခင်၏ သားတော်နှင့် သိုးသငယ်တော်အဖြစ် အမှန်တကယ် ယုံကြည်မည်ဆိုလျှင် ကိုယ်တော်သည် သင့်အား လက်ခံပြီး၊ ဘုရားသခင်၏သား တစ်ဦး ဖြစ်စေလိမ့်မည်။

## *သင်ခန်းစာ (၃)*
## ကောင်းသောလူ တစ်ဦးနှင့် အပြစ်ရှိသော အမျိုးသမီး

***ကျောင်းသားလမ်းညွှန်***

၁။ ရှင်ယောဟန် ခရစ်ဝင် ကျမ်းအခန်းကြီး (၃ နှင့် ၄) ကိုဖတ်ရှုပါ။

၂။ သင်ခန်းစာကို ဖတ်ရှုပါ။

၃။ စာမေးပွဲ မေးခွန်းလွှာ (၃)မှ မေးခွန်းများကိုဖြေဆိုပါ။

လူသားများကို ကူညီစေဖို့ရန် ဤလောကသို့ ဘုရားသခင်၏ သားတော် ကြွမြန်းလာခဲ့ပေသည်။ မိမိသည် ဘုရားသခင်၏ အထံတော်ပါးမှ လာခဲ့ကြောင်း အားလုံးက သိရှိရန်အတွက် ကိုယ်တော်သည် ကြီးမားသော နိမိတ်လက္ခဏာတို့ကို ပြုတော်မူ၏။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်အကြောင်းနှင့် မည်သို့ မည်ပုံ ကယ်တင်ခြင်းရရှိနိုင်ကြောင်းကို ကိုယ်တော်သည် ဟောကြားတော်မူခဲ့၏။

***ဂျူးလူမျိုးများ၏ အုပ်ချုပ်မှူးတစ်ဦး (အခန်းကြီး ၃)***

နိကောဒင်သည် လူကြီးလူကောင်း တစ်ဦးဖြစ်၏။ သူသည် အစ္စရေးလ်တိုင်းပြည်၌ ဘာသာရေးဆရာ တစ်ဦးဖြစ်ပြီး၊ ဂျူးလူမျိုးတို့၏ အုပ်ချုပ်ရေးမှူးတစ်ဦးလည်းဖြစ်၏။ သူသည် နေ့စဉ်နှင့်အမျှ ဆုတောင်းပြီး ဆင်းရဲသားများအား စွန့်ကြဲပေးကမ်း၏။ ဤကောင်းမှုပြုခြင်း တို့သည် ဘုရားသခင်၏ စိတ်တော်ကို တွေ့စေမည်ဟု သူယုံကြည်၏။ သို့သော် ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ယေရှုက ဤသို့ မိန့်တော်မူ၏။ “လူတစ်ဦးသည် ဒုတိယမွေးခြင်းကို လက်မခံလျှင် ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ” တစ်ဦးတစ်ယောက် အနေဖြင့် ခရစ်တော်ကို ယုံကြည်ပြီး မိမိ၏ ကယ်တင်ရှင်အဖြစ် လက်ခံလိုက်သောအခါ ထိုသူသည် ဘုရားသခင်၏သား ဖြစ်လာကြောင်း အထက် သင်ခန်းစာများ၌

တွေ့မြင် ခဲ့ရပြီးဖြစ်၏။ ၎င်းကို အသစ်မွေးဖွားခြင်းဟု ခေါ်၏။ အကြောင်းမှာ ဤမွေးဖွား ခြင်းသည် လောကထဲသို့ အမိဝမ်းတွင်းမှ မွေးဖွားပြီးနောက်ပိုင်း တစ်ချိန်ချိန်ကျမှ ဖြစ်ခဲ့သောကြောင့်တည်း။

နိကောဒင်သည် ဤသဘောတရားကို နားမလည်နိုင်ခဲ့ချေ။ သို့တိုင်အောင် ယေရှုသည် သူ့အား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော် အကြောင်းကို ပြောပြရာ သူသည် လက်ခံခဲ့၏။ အပိုဒ်ငယ် (၁၆) တွင် ပြောပြသည်မှာ ဘုရားသခင်၏ မေတ္တာတော်သည် အလွန် ကြီးမားလှ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အပြစ်အတွက်ကြောင့် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့် အကြောင်းဖြစ်၏။ ယေရှုခရစ်သည် ဘုရားသခင်၏ သားတော် ဖြစ်သည်ဟု ယုံကြည်သောသူတိုင်း ထာဝရ အသက်ကို ရရှိ၏။ ဤအရာက လူတစ်ဦးသည် မည်မျှပင် အကျင့်ကောင်းစေကာမူ ထူးခြားမှု အလျှင်းမရှိဘဲ၊ ဒုတိယမွေးခြင်းကို ခံယူဘို့ လိုအပ်နေကြောင်း ပြသပေသည်။ သင်သည် ဘုရားသခင်၌ အသက်ကို ရရှိဖို့အတွက် ဘုရားသခင်သည် သင့်အားချစ်၍ မိမိသားတော်ကိုပင် စွန့်တော်မူ၏။ အဘယ်ကြောင့် ဤသစ္စာတရားကို မယုံကြည်ဘဲ ကိုယ်တော်ကို မိမိကယ်တင်ရှင်အဖြစ် လက်မခံဘဲ နေဦးမည်နည်း။

ဗတ္တိဇံဆရာ ယောဟန် အနေဖြင့် လူအားလုံး ခရစ်တော်နောက်သို့ လိုက်စေချင်၏။ အမြဲပင်သူသည် ခရစ်တော်အား ဘုန်းသရေကို ချီးမြှင့်လေ့ရှိ၏။ အပိုဒ်ငယ် (၃၆)သည် မိမိ၏ သားတော်ကို မယုံကြည်သောသူ အားလုံး၏ တစ်ဖက်၌ ဘုရားသခင်သည် မိမိဘုန်းကို ထင်ရှားစေကြောင်း ကျွန်ုပ်တို့အား ပြောပြနေ၏။

***အပြစ်ရှိသောအမျိုးသမီးတစ်ဦး ခရစ်တော်ကိုလက်ခံခြင်း (အခန်းကြီး ၄)***

ထို့နောက်ခရစ်တော်သည် ရှမာရိပြည်သို့ ကြွတော်မူ၏။ ကိုယ်တော်သည် ပင်ပန်း တော်မူ၍ မိန်းမတစ်ဦးထံ သောက်သုံးရန်ရေကိုတောင်းခံတော်မူ၏။ အစ ပထမ၌ သူမ အနေဖြင့် လှိုက်လှိုက်လှဲလှဲ မရှိလှပါ။ ကိုယ်တော်က မိမိသည် အသက်စမ်းရေကို သူမအား ပေးပိုင်ကြောင်း ပြောဆို၏။ သူမအနေဖြင့် ထို အသက်စမ်းရေကို လိုချင်သော်လည်း မိမိသည် အပြစ်သားတစ်ဦး ဖြစ်နေ ကြောင်း ပထမဦးစွာ သိရှိဖို့လိုအပ်ပေသည်။ (ငယ် ၁၈)။ တစ်ဦး တစ်ယောက်အနေဖြင့် မိမိ၏လိုအပ်ချက်ကို မသိမမှတ်သည်တိုင်အောင် ထိုသူသည် အကူအညီရယူဖို့ရန် ခရစ်တော် ထံသို့ မလာနိုင်ပေ။ ယေရှုက မိမိသည် ခရစ်တော်ဖြစ်ကြောင်း



ကယ်တင်ဖို့ရန် ဘာမျှမတတ်နိုင်ကြပါ။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းပြီးပြည့်စုံစေဖို့ရန် လိုအပ်ချက် ရှိသမျှကို ခရစ်တော်သည် အကုန်အစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်၏။ (ငယ် ၄)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အလွန် နှစ်သက်တော်မူသည် ဖြစ်၍ ဤလုပ်ငန်းကြီးအား မိမိသားတော် အပေါ်၌ တင်ထားတော်မူခြင်းဖြစ်၏။

ကျွန်ုပ်တို့အား ရွေးနှုတ်ကယ်တင်ဖို့ရန်အတွက် ခမည်းတော်ဘုရားသည် ခရစ်တော်အား နှုတ်ကပတ်တရားကို ပေးထားတော်မူ၏ (ငယ် ၈)။ ခရစ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်၍ ကျွန်ုပ်တို့အား ဘုရားသခင်၏ မေတ္တာတော်ကို ပြောပြဖို့ရန် ဤလောကသို့ ကြွလာတော်မူခဲ့၏။ ခရစ်တော် မိန့်ဆိုခဲ့သောနှုတ်ကပတ်တော်များကို တပည့်တော်များက လက်ခံရရှိခဲ့ကြ၏။ ခရစ်တော်သည် ခမည်းတော်ထံတော်ပါးမှ ကြွလာကြောင်း သူတို့သည် ယုံကြည်ကြ၏။ ကျွန်ုပ်တို့အတွက် ယခုခရစ်တော်လုပ်ဆောင်နေသော အရာများ (ငယ် ၉-၂၁)

ခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်အတွက် အသေခံပြီး ရှင်ပြန် ထမြောက်တော်မူ၏။ ထို့နောက် ကိုယ်တော်သည် ကောင်းကင်ဘုံရှိ ခမည်းတော် ထံသို့ ပြန်လည်ကြွသွားတော်မူ၏။ ကိုယ်တော်သည် ယခုခမည်းတော် ဘုရား၏ လက်ျာတော် ဘက်၌ ဘုန်းတန်ခိုးအာနုဘော်တော် ဖြင့် စိုးစံလျက် ထိုင်နေတော်မူ၏။ ယခုအချိန်တွင် ခရစ်တော်သည် ဘာလုပ်နေပါသနည်း။ ကျွန်ုပ်တို့သည် အလုပ် ပြီးစီးသောအခါ နားလေ့ရှိကြ၏။ ယေရှုခရစ်မူကား မိမိကိုယ် ယုံကြည်သူများ အတွက် ဆုတောင်းပေးနေ၏ (ငယ် ၉)။ ကိုယ်တော်သည် ပင်ပန်းသည်ဟူ၍ မရှိဘဲ အနားယူစရာလည်း မလိုပေ။ ခရစ်တော်သည် မိမိလူတို့အတွက် နေ့ညမပြတ် ဆုတောင်းတော်မူလျက်ရှိ၏။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့အတွက် ဆုတောင်းပေး မည့်သူ တစ်စုံတစ်ဦး မလိုအပ်တော့ပါ။ ကျွန်ုပ်တို့ အတွက် ကိုယ်စားပြု ဆုတောင်းပေးမည့်သူ ယောကျ်ား၊ မိန်းမ တစ်ဦးမျှ မလိုပါ။ ကျွန်ုပ်တို့သည် မိမိတို့ အပြစ်များကို လူသား တစ်ဦးဦးထံသို့ ဝန်ခံစရာမလိုဘဲ ဘုရားသခင့် ထံတော်သို့သာ ဝန်ခံရမည်။ ဘုရားသခင် တစ်ပါးတည်းသာလျှင် အပြစ် လွှတ်ပိုင်တော်မူ၏။ ခရစ်တော်ယေရှုသည် ဘုရားသခင်နှင့် လူသားကြား၌ ကြားခံ ပုဂ္ဂိုလ်ဖြစ်တော်မူ၏။

***ကျွန်ုပ်တို့အတွက် ခရစ်တော် လုပ်ဆောင်ပေးဦးမည့်အရာများ (ငယ် ၂၂-၂၆)***

ခရစ်တော်သည် ကျွန်ုပ်တို့ကို ချစ်၍ ကျွန်ုပ်တို့အတွက် အသေခံတော်မူ၏။

တဖန် အပိုဒ်ငယ် (၂၈) ၌ သခင်ဘုရားက မိမိသည် ခမည်းတော်ထံမှ ကြွလာခဲ့ ကြောင်းနှင့် ခမည်းတော်ထံတော်ပါးသို့ ပြန်ကြွသွားမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ပြောဆိုထား၏။ ခရစ်တော်သည် ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်ဖြစ်၍ လောက၏ တစ်ပါးတည်းသော ကယ်တင်ရှင်ဖြစ်၏။ ခရစ်တော်သည် အရာခပ်သိမ်းကို သိ၍ ဘုရားသခင် ထံတော်ပါးမှ ကြွလာခဲ့ခြင်း ဖြစ်ကြောင်းကို တပည့်တော်တို့က ယုံကြည်ကြ၏။ (ငယ် ၃၀)။ သင်သည် ဤအရာကို ယုံကြည်ပါသလား။

## *သင်ခန်းစာ (၁၀)*
## မိမိတပည့်တော်များအတွက် ဆုတောင်းပေးတော်မူသော ခရစ်တော်

### *ကျောင်းသားလမ်းညွှန်*

၁။ ရှင်ယောဟန် ခရစ်ဝင် ကျမ်းအခန်းကြီး (၁၇) ဖတ်ရှုပါ။
၂။ သင်ခန်းစာကို ဖတ်ရှုပါ။
၃။ စာမေးပွဲ (၁၀)၏ မေးခွန်းများကို ဖြေဆိုပါ။

ဤအခန်းကြီး၌ မိမိ ခမည်းတော်ဘုရား ထံတော်သို့ ဆုတောင်းခဲ့သော ခရစ်တော်၏ စကားတော်များကို တွေ့ရှိရပေသည် (ငယ် ၁၁)။ ကျွန်ုပ်တို့ အတွက် ခရစ်တော်ပြုတော်မူသော အရာများ (ငယ် ၁-၈)။

ခရစ်တော်သည် ထာဝရအသက်ကို ပေးနိုင်မည်အကြောင်း ဘုရားသခင်က မိမိ သားတော်အား တန်ခိုးကို ပေးထားတော်မူ၏ (ငယ် ၂)။ ဘုရားသခင်သည် ဤတန်ခိုးကို အခြားမည်သူ တစ်စုံတစ်ဦး ထံ၌မျှ ပေးတော်မူခြင်း မရှိခဲ့ချေ။ ခရစ်တော်သာလျှင် ကျွန်ုပ်တို့အား အသက်ကို ပေးနိုင်လေသည်။ ထာဝရ အသက်က ယေရှုခရစ်တော်တည်းဟူသော ဘုရားသခင် စေလွှတ်တော်မူခဲ့သော စစ်မှန်သော ဘုရားနှင့် ကယ်တင်ရှင်ကိုသာ သိနေပေ၏။ (ငယ် ၃)။ သင်သည် နှုတ်ကပတ်တော် အားဖြင့် ခရစ်တော်ကို သိကျွမ်းနိုင်ပြီး ထာဝရအသက် ကို ရရှိနိုင်ပေသည်။

ကျွန်ုပ်တို့အား အသက်ကို ပေးဖို့ရန်အတွက် ခရစ်တော်သည် မိမိအသက်ကို စွန့်တော်မူ၏။ အပြစ်ကြောင့် လူအားလုံး သေကြေပျက်စီးမည်ဖြစ်သောကြောင့် ဘုရားသခင်သည် ဤအမှုကို ပြုတော်မူခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်



သူမအား ပြောပြ လိုက်သည်။ (ငယ် ၂၅ နှင့် ၂၆)။ သူမသည် ချက်ချင်းထသွား၍ မိမိသည် ကယ်တင်ရှင်တည်း ဟူသော ခရစ်တော်ကို တွေ့မြင်ခဲ့ရကြောင်း သူတစ်ပါးအား ပြောပြခဲ့၏။

လူတစ်ဦးသည် ခရစ်တော်ထံသို့ လာ၍ မိမိသားကို ကျန်းမာစေပါမည် အကြောင်း လျှောက်ဆို၏။ (ငယ် ၄၇)။ ထိုသူက ခရစ်တော်သည် မိမိသား၏ လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်သည်ဟု အမှန်တစ်ကယ် ယုံကြည်သဖြင့် သခင်ဘုရားသည် အနာ ငြိမ်းစေတော်မူခဲ့၏။ ဘုရားသခင်၏သားတော်သည် လူအားလုံးကို ချစ်တော်မူသဖြင့် လူများကို ကယ်တင်ဖို့ရန် မိမိအသက်ကို စွန့်တော်မူ၏။ သင်သည် အသစ်သောမွေးဖွားခြင်း အတွေ့အကြုံကို ရရှိခံစား လိုပါသလား။ သင်သည် အသက်စမ်းရေကို မပိုင်ဆိုင်ချင်ဘူးလား။ .?

## *သင်ခန်းစာ (၄)*
## ခရစ်တော်သည် လူတို့အား ကူမစခြင်း

### *ကျောင်းသားလမ်းညွှန်*

၁။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး (၅ နှင့် ၆) ကို ဖတ်ရှုပါ။
၂။ သင်ခန်းစာကို ဖတ်ရှုပါ။
၃။ စာမေးပွဲ (၄) မှ မေးခွန်းများကို ဖြေဆိုပါ။

ဘုရားသခင်၏ အလိုတော်ကို ဆောင်ရွက်ဖို့ရန် ဘုရားသခင်၏သားတော် သည် ဤလောကသို့ ကြွမြန်လာခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရှိပြီးဖြစ်သည်။ ဘုရား သခင်သည် လူတိုင်းကို ချစ်တော်မူ၏။ ခရစ်တော်သည် လူအားလုံးကို ကူညီ မစရန် ဆန္ဒရှိတော်မူ၏။ ဤသင်ခန်းစာ၌ ခရစ်တော်သည် (၃၈ နှစ်) လုံးလုံး နာမကျန်းဖြစ်ခဲ့သူတစ်ဦးကို ကူညီမစခဲ့ပြီး၊ လူ (၅,၀၀၀) ကို ကျွေးမွေးတော်မူ၏။

***၃၈ နှစ်လုံးလုံး နာမကျန်းဖြစ်ခဲ့သူတစ်ဦး (အခန်းကြီး ၅)***

နာမကျန်းဖြစ်နေသူလူများစွာတို့သည် ရေကန်တစ်ခု၏ အနီးအပါး၌ နေလျက် ကန်ရေ လှုပ်မည်အချိန် တစ်ချိန်ကို စောင့်စားလျက်ရှိနေကြ၏။ ထိုနေရာ၌ လမ်းမလျှောက်နိုင်သူ တစ်ဦးလည်း ရှိနေ၏။ ထိုသူ၌ ကူညီပေးမည့် သူတစ်ဦးမျှ မရှိခဲ့သဖြင့် ယခုလို ကာလကြာရှည်စွာ စောင့်စားခဲ့ရခြင်းဖြစ်၏။ သို့ရာတွင် ဘုရားသခင်၏ သားတော်သည် ထိုသူအား အစွမ်းသတ္တိကို

ပေးလိုက်သဖြင့် ထိုသူသည် မိမိအိပ်ယာလိပ်ထမ်းလျက် တစ်ဦးတည်းလမ်းလျှောက်၍ထွက်သွား၏။

ဤအချင်းအရာသည် ထိုသူအား ရွှင်လန်းဝမ်းမြောက်စေသော်လည်း ဂျူးလူမျိုး များအား စိတ်ပျက်စေခဲ့၏။ အကြောင်းမှာဤအမှုသည် ဂျူးလူမျိုးများနှင့်ဆိုင်သော နေ့ထူး နေ့မြတ်ဖြစ်သည့်ဥပုသ်နေ့တည်း ဟူသောစနေနေ့တွင် ဖြစ်ပျက်ခဲ့သောကြောင့်တည်း။ ယနေ့ တနင်္ဂနွေနေ့ကို သခင်ဘုရား၏ နေ့ရက်အဖြစ် အလုပ်မလုပ်ဘဲ ဥပုသ်စောင့်ဖို့ရန် ကောင်းမွန်သော်လည်း ဘုရားသခင်၏ သားတော်မူကား ကောင်းသောအမှုကို ပြုဖို့ရန်ဆိုလျှင် နေရာမရွေး အချိန်မရွေး၊ အမြဲအဆင်သင့် ဖြစ်နေလေ့ရှိသည်။ ယေရှုက မိမိသည် ဖခမည်းတော်ပြုတော်မူသည်ကို မိမိမြင်ခဲ့ပြီးသည်အတိုင်း မိမိပြုမူခြင်းသာဖြစ်ကြောင်း ဖြေဆိုခဲ့၏။ (ငယ် ၁၉)။ ခမည်းတော်သည် သားတော်ကို ချစ်တော်မူ၍ သေသောသူကို ထမြောက်စေနိုင်သော တန်ခိုးနှင့် လူအပေါင်းတို့အား တရားစီရင်ပိုင်သော အခွင့်ကို ပေးတော်မူ၏။ (ငယ် ၂၀-၂၂)။

ယောဟန်သည် ခရစ်တော်၏မှန်ကန်မှုကို သက်သေခံခဲ့၏။ (ငယ် ၃၃)။ ခရစ်တော် ဆောင်ရွက်ခဲ့သောအမှုတော်တို့က မိမိသည် ဘုရားသခင်၏သားဖြစ်ကြောင်း သက်သေပြ လျက်ရှိ၏ (ငယ် ၃၆)။ ခမည်းတော်ဘုရားကလည်း ခရစ်တော်သည် မိမိ၏သားတော်နှင့် ကယ်တင်ရှင်ဖြစ်ကြောင်း သက်သေခံ တော်မူ၏။ (ငယ် ၃၇)။ ထိုမျှမက ကျမ်းစာကလည်း ခရစ်တော်သည် ဘုရားသခင်၏သားတော်နှင့် ကယ်တင်ရှင်ဖြစ်ကြောင်း ထောက်ခံထားပေ သည်။ (ငယ် ၃၈ နှင့် ၃၉)။ ခရစ်တော်ကို ဘုရားသခင်၏ သားတော်အဖြစ် ယုံကြည်မှုမရှိသော သူများအနေဖြင့် ကယ်တင်ခြင်း မရရှိနိုင်ပေ။

## ***ခရစ်တော်သည် လူငါးထောင်အားကျွေးမွေးခြင်း (အခန်းကြီး ၆)***

လူတို့စားစရာပြတ်လပ်သွားသောအခါ ခရစ်တော်သည် ပေါင်မုန့်ငါးလုံးနှင့် ငါးကလေး နှစ်ကောင်ကိုယူ၍ ပွားများစေသဖြင့် အားလုံးဝလင်စွာ ဖူလုံခဲ့ကြ၏။ ဤနိမိတ်လက္ခဏာကို လူတို့သည် မြင်ကြသောအခါ ကိုယ်တော်သည် ပရောဖက်တစ်ပါးဖြစ်သည်ဟုဆိုလျက် ရှင်ဘုရင်အဖြစ် အတင်းအဓမ္မတင်မြောက်လိုကြ၏။ ယနေ့လူများစွာတို့သည် ဥစ္စာ-န သို့မဟုတ် ငွေကြေးဆိုင်ရာကောင်းချီးများ ရရှိမည်ဆိုလျှင် ခရစ်တော်နောက်သို့လိုက်ရန် အသင့်ဖြစ်နေတတ်ကြ၏။ သို့ရာတွင်



ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်ထံသို့ မည်သို့မည်ပုံချဉ်းကပ်နိုင်ပါဦး မည်နည်း?။

အပိုဒ်ငယ် (၃)၌ မိမိတို့သည် နှုတ်ကပတ်တော်အားဖြင့် သန့်ရှင်း စင်ကြယ်နိုင်ကြောင်း ကျွန်ုပ်တို့ဖတ်ရှုရ၏။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ ခရစ်တော်သည် ဘုရားသခင်၏ အကြောင်းများစွာ သွန်သင် ထားပေ၏။ အခန်းကြီး (၁)၌ ကိုယ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဟူ၍ ခေါ်ဝေါ် သမုတ်ထားကြောင်း အမှတ်ရပါလေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သင့်အား သန့်ရှင်းစင်ကြယ်စေနိုင်ကြောင်းကို သိရှိရန်အတွက် ဤသင်ခန်းစာများနှင့် ရှင်ယောဟန် ခရစ်ဝင်ကျမ်းတို့မှ သင့်ကို ကူညီပေးလိမ့်မည်။

အပိုဒ်ငယ် (၁၃)၌ မိမိမိတ်ဆွေများအတွက် မိမိအသက်ကို စွန့်သောသူထက်သာ၍ ကြီးမားသော မေတ္တာကို မည်သူမျှ မပိုင်ဆိုင်ကြောင်း ကျွန်ုပ်တို့တွေ့ရှိ၏။ မိတ်ဆွေတစ်ဦး အတွက် မိမိအသက်ကို စွန့်ချင်သူများများစားစား မရှိနိုင်ပေ။ ခရစ်တော်၏ မေတ္တာသည် လူသားတို့မေတ္တာထက် များစွာကြီးမားလှပေ၏။

သို့ရှိသော်ငြားလည်း လူများစွာတို့သည် ဘုရားသခင်ကို မုန်းတီး၍ ဘုရားသားတော်ကိုလည်း ဆန့်ကျင်ကြ၏။ ဘုရားသခင်အား ဆန့်ကျင်သူသည် ခရစ်တော်အား ဆန့်ကျင်၏။ ခရစ်တော်သည် ဘုရားသခင်၏ တစ်ဦးတည်းသော သားဖြစ်၍ ခမည်းတော် ဘုရား ထံတော်ပါးသို့ သွားရာတစ်ခုတည်းသော လမ်းခရီးလည်း ဖြစ်၏။

## ***တပည့်တော်များကို သွန်သင်ပေးသော ခရစ်တော် (အခန်းကြီး ၁၆)***

သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ငန်းမှာ ခရစ်တော်ကို ယုံကြည်သူများအား နှစ်သိမ့်ရန် သို့မဟုတ် သက်သာစေရန်ဖြစ်၏။ (ငယ် ၇)။ လောကကြီးနှင့် လောကီသားတို့ အား အပြစ်ဖော်ပြခြင်းသည်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ငန်းဖြစ်၏ (ငယ် ၈)။ သင်သည် မိမိကိုယ်ကို အပြစ်သားတစ်ဦးဖြစ်ကြောင်း သိရှိလျှင် ယခုပင် ခရစ်တော်ကို ယုံကြည်လိုက်ပါ။

ခမည်းတော်သည် အရာအားလုံးတို့ကို သားတော်လက်သို့ အပ်ပေးတော်မူ၏ (ငယ် ၁၅)။ ဤအချင်းအရာ အားဖြင့် ဘုရားသခင်သည် သားတော်အား ချစ်တော်မူကြောင်း ကျွန်ုပ်တို့ သိရှိရ၏။ သို့ဖြစ်၍ ခရစ်တော်ကို လက်ခံခြင်းသည် ဘုရားသခင်ကို လက်ခံခြင်း ဖြစ်ပြီး ခရစ်တော်ကို ငြင်းပယ်ခြင်းသည် ဘုရားသခင်ကို ငြင်းပယ်ခြင်းဖြစ်၏။

အပိုဒ်ငယ်(၆) ၌ဘုရားသခင်၏ သားတော်က မိမိသည်သာ ကောင်းကင်ဘုံသို့သွား ရာလမ်းခရီးဖြစ်ကြောင်း မိန့်ဆို၏။ ထို့အပြင် မိမိအားဖြင့် မှတစ်ပါး မည်သူမျှ ခမည်းတော်ထံသို့ မရောက်နိုင်ကြောင်းကိုလည်းထပ်ပြောလိုက်၏။ ခမည်းတော်ထံသို့ရောက် ရှိနိုင် သည့်တစ်ခုတည်းသော လမ်းခရီးမှာ ခရစ်တော်အားဖြင့်သာဖြစ်သည်။ ကိုယ်တော်သည်လမ်း ခရီးမှာ ခရစ်တော်အားဖြင့်သာ ဖြစ်သည်။ ကိုယ်တော်သည် လမ်းခရီး၊ သမ္မာတရားနှင့် အသက် ဖြစ်တော်မူ၏။ အခြားသော လမ်းခရီးမရှိပါ။ ကိုယ်တော်ကိုယုံကြည်သူတို့အား ဝိညာဉ်တော်နှင့် ပြည့်ဝစေဖို့ရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်ပေးပါမည် အကြောင်းခရစ်တော်သည် ခမည်းတော်ထံသို့ ဆုတောင်းခဲ့၏။ ထို့နောက် ကိုယ်တော်သည် မိမိ၏ငြိမ်သက်ခြင်းကို ထိုသူတို့အပေါ်၌ထားခဲ့၏။ (ငယ် ၂၇)

အပြစ်အတွက်ကြောင့် ဘုရားသခင်သည် အမျက်ထွက်တော်မူ၏။ သို့ရာတွင် သင့်အနေဖြင့် ခရစ်တော်ကိုလက်ခံလျှင် ဘုရာသခင်သည် သင်၏ အပြစ်များကို ခွင့်လွှတ်တော်မူသည်။ ကြောက်ရွံ့စိတ်များအစား သင်၏ စိတ်နှလုံးနှင့် ဘဝတစ်သက်တာ၌ ပြီးပြည့်စုံသောငြိမ်သက်ခြင်း ရှိနေပေလိမ့်မည်။ ခရစ်တော်ထံသို့ ယခုပင် လျှောက်လှမ်းခဲ့ပါလား။

## *သင်ခန်းစာ ၉*
## စစ်မှန်သော စပျစ်နွယ်

***ကျောင်းသားလမ်းညွှန်***

၁။ ယောဟန်အခန်းကြီး (၁၅နှင့်၁၆) ဖတ်ရှုပါ။

၂။ သင်ခန်းစာကိုဖတ်ရှုပါ။

၃။ စာမေးပွဲ (၉)၏ မေးခွန်းများကိုဖြေဆိုပါ။

### *သန့်ရှင်းစင်ကြယ်ခြင်းနည်းလမ်း (အခန်းကြီး ၁၅)*

ယေရှုသည် အကိုင်းအခက်များအား အသက်ရှင် သန်စေသော ပင်စည် (သို့မဟုတ်) စပျစ်နွယ်နှင့် တူ၏။ သို့ရာတွင် ခရစ်တော် ထံသို့ ချဉ်းကပ်ဖို့ရန် သန့်ရှင်း စင်ကြယ်ဖို့ လိုအပ်ပေသည်။ အပြစ်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးကို ယိုယွင်းညစ်ညှမ်းစေသည်ဖြစ်ရာ ဘုရားသခင်သည် အပြစ်ကို မုန်းတီးတော်မူ၏။ သို့ဖြစ်ရာ၊ ဘုရားသခင်သည် အပြစ်ကို မုန်းတီး တော်မူ၏။ သို့ဖြစ်လျှင်



ခရစ်တော်သည် ထိုသို့ လျှို့ဝှက်စဉ်းလဲလျက် တစ်ကိုယ်ကောင်း အခွင့်အရေး သမားများကို လက်မခံချေ။

ထို့နောက်ခရစ်တော်သည် ရေပေါ်တွင်လမ်းလျှောက်လျက် ကြွတော်မူ၏။ (ငယ် ၁၉)။ ဘုရားသခင် မပါဘဲနှင့် မည်သူမျှထိုသို့သော အံ့ဖွယ်နိမိတ်များကို မပြုလုပ်နိုင်ပေ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ နှုတ်ထွက် စကားများကို နာယူမှတ်ကျုံးသင့် လှပေသည်။ ဘုရားသခင်၏ သားတော်ကသာ လျှင် ကျွန်ုပ်တို့အား ထာဝရအသက်ကိုပေးနိုင် လေသည်။ (ငယ် ၃၅ နှင့် ၄၇)။ ဂျူးလူမျိုးအချို့တို့သည် အသက်မုန့်ကို လိုချင်ခဲ့ကြ၏။ (ငယ်၊ ၃၄)။ သို့သော်လည်း ယေရှုကခက်ခဲမှုများကို ပြောဆိုသောအခါ ထိုသူတို့သည် ရှေ့ဆက် မလှမ်းကြတော့ပေ။ (ငယ် ၆၀ နှင့် ၆၆)။ ထိုအခါယေရှုက တပည့်တော်များအား မိမိတို့လည်း လှည့်ပြန်သွားလို မလိုမေးတော်မူခဲ့ရာ ပေတရုက “သခင်၊ ကျွန်ုပ်တို့သည် မည်သူ့ထံသို့ သွားရပါမည်နည်း။ ထာဝရအသက်နှင့်ယှဉ်သောစကားသည် ကိုယ်တော်၌ တည်ပါ၏။ (ငယ် ၆၈)။ “ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသောဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို အကျွန်ုပ်တို့ ယုံကြည် သိမှတ်ကြပါသည်” ဟု လျှောက်လေ၏ (ငယ် ၆၉)။ သင့်အနေဖြင့် နားမလည်နိုင်သော အရာများစွာရှိနေသေးလင့်ကစား၊ ကိုယ်တော်ကို ယုံကြည်လိုက်ပါ။ သို့ပြုလျှင် သင်သည် ထာဝရအသက်ကို ရရှိလိမ့်မည်။

## *သင်ခန်းစာ (၅)*
## အသက်စမ်းရေနှင့် ဘဝအလင်း

***ကျောင်းသားလမ်းညွှန်***

၁။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအခန်းကြီး (၇ နှင့် ၈) ကို ဖတ်ရှုပါ။

၂။ သင်ခန်းစာဖတ်ရှုပါ။

၃။ စာမေးပွဲ (၅) ၏ မေးခွန်းများကိုဖြေဆိုပါ။

ခရစ်တော်က မိမိသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ဂျူးလူမျိုးများအား အံ့ဖွယ်နိမိတ်များဖြင့် ပြသခဲ့၏။ သို့ရာတွင် ထိုသူတို့သည် ကိုယ်တော်၏ စကားအချို့ကို နားမလည်နိုင်ကြသဖြင့် ကိုယ်တော်ကို ယုံကြည်သက်ဝင်ဖို့ရန် အသင့်မဖြစ်ခဲ့ကြပေ။

## အသက်စမ်းရေကို ခရစ်တော်ပေးနေပြီ (အခန်းကြီး ၇)

ခရစ်တော်၏ညီများ (ယောသပ်နှင့် မာရိတို့မှ မွေးဖွားသောသားများ) က အစ၌ ကိုယ်တော်ကို မယုံကြည်ကြပေ (ငယ် ၅)။ ကိုယ်တော်သည် ပွဲသို့ ညီတို့နှင့်အတူ မကြွခဲ့ချေ။ ယေရှုသည် ဗိမာန်တော်သို့ ကြွခဲ့စဉ်လူတို့ကို သွန်သင်ခဲ့သည်။ (ငယ် ၁၅)။ "ထိုသူ၏ အလို တော်သို့ လိုက်ချင်သောသူ မည်သည်ကား၊ ဤဒေသနာသည် ဘုရားသခင်၏ ဒေသနာတော်ဖြစ်သလော၊ ငါသည် ကိုယ်အလို အလျောက်ဟောပြောသလောဟု ပိုင်းခြား၍ သိလိမ့်မည်" ဟု မိန့်တော်မူ၏ (ငယ် ၁၇)။ ဤစကားသည် ယနေ့တိုင်အောင် မှန်ကန်သော သစ္စာတရား ဖြစ်၏။ သင်သည် ဘုရားသခင်၏ အလိုတော်ကို သိရှိ၍ ဆောင်ရွက်နိုင်ပေသည်။

ပွဲတော်၏ နောက်ဆုံးနေ့၌ ခရစ်တော်သည် မိမိထံတော်ပါးသို့ လာရောက်သောသူ အားလုံးကို အသက်စမ်းရေပေးမည်ဖြစ်ကြောင်း ကြွေးကြော်လိုက်သည်။ (ငယ် ၃၇)။ မိမိကို ယုံကြည်သောသူသည် သူတစ်ပါးအတွက် အသက်စမ်းရေ စီးထွက်ရာမြစ် ဖြစ်မည်ဟု လည်း မိန့်တော်မူ၏။ ခရစ်တော်မပါဘဲ မည်သူတစ်စုံတစ်ဦးမျှ စစ်မှန်သောပျော်ရွှင်မှုလည်း ထာဝရ အသက်အကြောင်းကို ပြောပြနိုင်ပေမည်။

အချို့က ယေရှုသည် ပရောဖက်တစ်ဦးမျှသာဖြစ်၍ ခရစ်တော်မဟုတ်ဟု ယုံကြည်ကြ သည်။ ဖါရိရှဲများက ကိုယ်တော်ကို ဖမ်းဆီးလိုကြ၏။ သို့သော် သူတို့သည် ကိုယ်တော်၏စ ကားကို ကြားနာပြီးသောအခါတွင်မူ "ဤသူကဲ့သို့ မည်သူမျှမပြောခဲ့ဖူးပါ" ဟုပြောဆိုကြ၏။ ခရစ်တော်၏ပြောဆိုမှုများကို သင်ကြိုက်နှစ်သက်ပါလား။ ယခုပင် ဘုရားသခင်၏သားတော် ကိုယုံကြည်ပါ။

### *ခရစ်တော်သည် လောကကို အလင်းပေးနေပြီ။ (အခန်း ၈)*

ဖါရိရှဲတို့က ဖောက်ပြန်သော အမျိုးသမီးတစ်ဦးကို ယေရှုထံသို့ ခေါ်ခဲ့ကြသည်။ သူမ၏ အပြစ်အတွက် ကျောက်ခဲဖြင့် ပစ်ပေါက်၍ အသေသတ်လိုကြ၏။ ခရစ်တော်၏တုံ့ ပြန်သောစကားမှာ, "သင်တို့ အထဲမှ အပြစ်ကင်းသောသူသည် ရှေ့ဦးစွာ ကျောက်ခဲနှင့် သူမအား ပစ်ပေါက်စေ" ဟူ၍ဖြစ်၏။ ယေရှုတစ်ဦးတည်းသာလျှင် အပြစ်ကင်းစင်သူဖြစ်၏။ သို့ရာတွင် ကိုယ်တော်သည် သူမကိုတရားမစီရင်ပါ။ ကိုယ်တော်သည် သူတစ်ပါးအား တရားစီရင်ဖို့ ကြွရောက်ခြင်းမဟုတ်ဘဲ၊ ကယ်တင်ဖို့ကြွရောက်လာခြင်းဖြစ်၏။ "သွား၍၊ နောက်တစ်ဖန်အပြစ်မပြုနှင့်" ဟုထိုအမျိုးသမီးအား ကိုယ်တော်မိန့်တော်မူ၏။



၃။ စာမေးပွဲ (၈)မှ မေးခွန်းများကို ဖြေဆိုပါ။

ဘုရားသခင်၏ သားတော်သည် အရာခပ်သိမ်းကို သိတော်မူ၏။ ကိုယ်တော်သည် မိမိအားယုံကြည်သူအားလုံးတို့၏ စိတ်နှလုံးကိုသိရှိတော်မူ၏။ ကိုယ်တော်သည် အနာဂတ်၌ ဖြစ်ပျက်မည့်အရာ အားလုံးကိုလည်း သိနှင့်တော်မူ၏။ ခရစ်တော်သည် ဘုရားသခင်ကိုသိ၍ ဘုရားသခင်ထံတော်ပါးသို့ သွားရာလမ်းကို လူသားတို့အား ပြည့်သွန်နိုင်ပေသည်။

### *ကောင်းကင်ဘုံသို့ ပြန်ကြွတော်မူသော် ခရစ်တော် (အခန်းကြီး ၁၃)*

ခရစ်တော်သည် ဘုရားသခင်အထံတော်မှ ကြွလာခဲ့ပြီ။ ကိုယ်တော်ထံသို့ ပြန်ကြွတော်မူ၏ (အပိုဒ်ငယ် ၃)။ သို့တိုင်အောင်ကိုယ်တော်သည် အစေခံတစ်ဦး၏ နေရာကို ဝင်ယူဖို့နှင့် မိမိတပည့်တော်များ၏ခြေကို ဆေးကြောပေးဖို့ရန် အသင့်ရှိနေခဲ့၏။

ခရစ်တော်သည် ကျွန်ုပ်တို့အား မိမိတို့ အပြစ်မှ ဆေးကြောသန့်စင်ပေးဖို့ရန် မိမိ အသက်နှင့် အသွေးတော်ကို ပေးတော်မူ၏။ အပိုဒ်ငယ် (၁၀) ၌ဆေးကြောသန့်စင်ပြီး သူတိုင်းသန့်ရှင်းလျက်ရှိသည်ဟု ကိုယ်တော် မိန့်ဆိုထား၏။ တစ်ဖန် အပိုဒ်ငယ် (၁၅)၌ ကိုယ်တော်သည် ကျွန်ုပ်တို့အား ပုံသက်သေ ပေးထားခဲ့သည့်အတိုင်း အချင်းချင်းပြုစုကြဖို့ရန် ခရစ်တော်မိန့်ဆိုထား၏။

ဘုရားသခင်၏သားတော်သည် မည်သူက မိမိကို ရောင်းစားမည်အကြောင်းကိုသော်လည်းကောင်း၊ မိမိကို အသေသတ်လိုသူများလက်သို့ မိမိကိုအပ်မည့်အကြောင်းကိုလည်းကောင်း သိတော်မူနှင့်၏။ ထိုသူသည် တပည့်တော်များထဲမှ တစ်ဦးဖြစ်သူ ယုဒဖြစ်၏။ အခြား တပည့်တော် တစ်ဦးဖြစ်သူ ယောဟန်က ထိုသူသည် မည်သူမည်ဝါဖြစ်ကြောင်းသိရှိလိုခဲ့၏။ ကိုယ်တော်က ထိုသူသည် မုန့်တစ်လုပ်စာကို မိမိကမ်းပေးသောသူ ဖြစ်ကြောင်း ဖြေဆိုခဲ့၏ (ငယ် ၂၆)။ ပေတရုက ခရစ်တော်အတွက် မိမိအသက်ကို ပေးမည်ဟုဆို၏။ ခရစ်တော်က ပေတရုသည် များမကြာမီပင် မိမိအားငြင်းပယ်လိမ့်မည်ဟု ဖြေဆိုတော်မူ၏။ (ငယ် ၃၈)။

### *တဖန်ကြွရောက်မည့်ခရစ်တော် (အခန်းကြီး ၁၄)*

သခင်ဘုရားသည် မိမိအသေခံရမည်ဖြစ်ကြောင်းတပည့်တော်များအား ပြောပြခဲ့စဉ် တွင်သူတို့သည်ဝမ်းနည်းနေကြ၏။ ကိုယ်တော် စိတ်သောက မရောက်ကြဖို့ရန်နှင့် မိမိသည် တစ်ဖန်ပြန်ကြွလာ မည့်အကြောင်း မိန့်ကြားတော်မူခဲ့၏။ (ငယ် ၃)။

နေပေလိမ့်မည်။ ယခု သည်ကယ်တင်ခြင်းကို လက်ခံဖို့ရန် အချိန်ကောင်းဖြစ်၏။

***လူအချို့က သခင်ယေရှုကို ဂုဏ်ပြုချီးမြှောက်ကြ၏။ (အခန်းကြီး ၁၂)***

မာရိနှင့် မာသအနေဖြင့် သခင်ယေရှုကို ချစ်ခင်မြတ်နိုးကြသည်မှာ သဘာဝကျပေ၏။ အကြောင်းမှာ သူတို့၏ မောင်ကို ကိုယ်တော်သည် သေရာမှ ရှင်စေခံ၏။ သူတို့သည် ခရစ်တော်အား ဂုဏ်ပြုညစာ တည်းခင်း ဧည့်ခံကြ၏။ မာရိက ကိုယ်တော်၏ ခြေတော်ကို အဖိုးတန် ဆီမွှေးဖြင့် လိမ်းကျံခဲ့၏။ မာရိ၏ လုပ်ဆောင်မှုကို တပည့်တော် တစ်ဆယ့်နှစ်ယောက် အဝင်ဖြစ်၍ သူခိုးလည်း ဖြစ်သူ ယုဒက ဝေဖန်ပြစ်တင်ခဲ့၏။ (ငယ် ၅)။

ထို့နောက် ခရစ်တော်သည် ယေရုဆလင်မြို့သို့ကြွတော်မူ၏။ လူများစွာ တို့သည် စွန်ပလွန် ခက်များကိုချိုးပြီး လမ်းမများပေါ်၌ ကိုယ်တော်ကို ချီးမြှောက်၍ ခရစ်တော်အဖြစ် လက်ခံခဲ့ကြ၏။ (ငယ် ၁၂-၁၆)။ ဂရိလူမျိုး အချို့တို့သည်လည်း ခရစ်တော်ကို မြင်တွေ့ဖို့ရန် ရောက်လာခဲ့ကြ၏။ မိမိသည် မသေမဖြစ် အသေခံရမည်ဖြစ်ကြောင်း ခရစ်တော်က လူထုပရိ သတ်ကို ပြောပြလိုက်သည်။ (ငယ် ၂၄)။ ခရစ်တော်သည် မိမိ၏သားတော်ဖြစ်ကြောင်းနှင့် ကိုယ်တော်အားဖြင့် မိမိဘုန်းထင်ရှားမည် ဖြစ်ကြောင်း ဘုရားသခင်သည် ကောင်းကင်ဘုံမှ မိန့်ဆို တော်မူ၏။ (ငယ် ၂၈)

အခြားသူတို့သည် ကိုယ်တော်ကို ယုံကြည်ကြသော်လည်း ဖါရိရှဲတို့ကို ကြောက်ရွံ့ကြ သဖြင့် ကိုယ်တော်ကို မဝန်ခံဝံ့ကြပေ (ငယ် ၄၂)။ သူတို့သည် ဘုရားသခင်၏ ချီးမွမ်းတော်မူ ခြင်းထက်လူတို့၏ ချီးမွမ်းခြင်းကို ပို၍နှစ်သက်ကြ၏။ (ငယ် ၄၃)။ ဘုရားသခင်သည် မိမိ၏ သားတော်ကို ဤလောကသို့ စေလွှတ်တော်မူ၏။ ယေရှုက "ငါ့ကို ယုံကြည်သောသူသည် ငါ့ကိုသာ ယုံကြည်သည် မဟုတ်၊ ငါ့ကို စေလွှတ်တော်မူသောသူကို ယုံကြည်၏" ဟုမိန့်ဆို၏ (ငယ် ၄၄)။ ယခု သင်သည် ကိုယ်တော်ကို ယုံကြည်လိမ့်မည်လော။

## *သင်ခန်းစာ (၈)*

# တပည့်တော်များကိုသွန်သင်ပေးသောခရစ်တော်

***ကျောင်းသားလမ်းညွှန်***

၁။ ယောဟန်အခန်းကြီး (၁၃ နှင့် ၁၄) ဖတ်ရှုပါ။

၂။ သင်ခန်းစာကိုဖတ်ရှုပါ။



တစ်ဖန်ကိုယ်တော်က, "ငါသည် လောက၏ အလင်းဖြစ်၏။" ဟုမိန့်ဆို၏။ စစ်မှန်သော အလင်းသည် ကျွန်ုပ်အား မိမိအပြစ်ကိုမြင်စေပြီး ကောင်းကင်ဘုံ လမ်းကိုပြညွှန် လေ့ရှိ၏။ မိမိတို့၏အပြစ်ကို ဖယ်ရှားခြင်းမပြုဘဲ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံသို့ မသွားနိုင်ပေ။ ခရစ်တော်သည် ကျွန်ုပ်တို့အား အပြစ်ကို ဖော်ပြသော်လည်း ကျွန်ုပ်တို့အပြစ်များကို ဖယ်ရှားပေးဖို့ အသင့် ရှိနေပေသည်။ သင့်အနေဖြင့် မိမိအပြစ်ဖယ်ရှားကြောင်းကိုသိရှိနိုင်ပေ သည်။

ဒုစရိုက်ကို ပြုသမျှသောသူတို့သည် ဒုစရိုက်၏ ကျွန်ဖြစ်ကြ၏။ (ငယ်၃၄)။ ကျွန်ုပ်တို့သည် မိမိခွန်အားဖြင့် အပြစ်မပြုဘဲ မနေနိုင်ကြပါ။ အပြစ်ဒုစရိုက်မပြုရန် ကျွန်ုပ်တို့၌ တန်ခိုး လိုအပ်၏။ "သမ္မာတရားသည် သင်တို့ကို လွှတ်လိမ့်မည်။" ဟုခရစ်တော် မိန့်ဆို၏ (ပိုဒ်ငယ် ၃၂)။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အား သမ္မာတရားကိုပေး၍ ဘုရား သခင့်သားတော်၏ အကြောင်းကို ပြောပြ၏။ သင်သည် အပြစ်သား တစ်ဦးဖြစ်၏။ သမ္မာ တရားကို ယုံကြည်၍ ဘုရားသားတော် ကို လက်ခံပါ။ သင်သည် လွတ်မြောက်လိမ့်မည်။

## *သင်ခန်းစာ ၆*

# မျက်ကန်းနှင့် ကောင်းသောသိုးထိန်း

***ကျောင်းသားလမ်းညွှန်***

၁။ ရှင်ယောဟန် ခရစ်ဝင်ကျမ်း အခန်းကြီး (၉ နှင့် ၁၀) ကိုဖတ်ရှုပါ။

၂။ သင်ခန်းစာကို ဖတ်ရှုပါ။

၃။ စာမေးပွဲ (၆)၏ မေးခွန်းများကို ဖြေဆိုပါ။

ခရစ်တော်ယေရှုသည် နှုတ်ကပတ်တော် ဘုရားသခင်၏ သားတော် လောက၏ အလင်းနှင့် ဘုရားသခင်၏ သိုးသငယ်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးပြီ၊ အခန်းကြီး (၉) ၌ ကိုယ်တော်သည် မွေးရာပါ မျက်ကန်းတစ်ဦးအား မျက်စိအလင်းပေးခဲ့၏။

***မျက်ကန်း တစ်ဦး အလင်း ရရှိပြီ (အခန်း ၉)***

မွေးရာပါ မျက်ကန်းတစ်ဦးအနေဖြင့် ဘာကိုမျှ မြင်နိုင်စွမ်း မရှိခဲ့ဖူးချေ။ အပြစ်သား တစ်ဦးသည် ဘုရားသခင်၏ ဘုန်းတော်ကို မမြင်နိုင်ပေ။ သူသည် ဘုရားသခင့် ထံသို့ ရောက်နိုင်သော လမ်းကို ရှာမတွေ့နိုင်ပါ။ သူသည် အလင်းကို လိုအပ်နေ၏။ ခရစ်တော်သည် မျက်ကန်းအား အလင်းကိုပေးလိုက်သောအခါ

မျက်ကန်း၏သူငယ်ချင်းများက မယုံနိုင်ပေ။ ဥပုသ်နေ့၌အနာ ငြိမ်းစေခဲ့သဖြင့် ယေရှုသည် အပြစ်ကျူးလွန်ကြောင်း သူတို့ပြောဆိုကြ၏။ (ငယ် ၁၆နှင့်၂၄)။ မျက်ကန်းအနေနှင့်မူ မိမိသည် အလင်းကိုရရှိကြောင်းနှင့် ယေရှုသည် ဘုရားသခင်ထံမှ လာကြောင်း သေချာပေသည်။ (ငယ် ၃၃)။ မျက်စိအလင်းရရှိသူကို တရားဇရပ်မှ နှင်ထုတ်လိုက်ကြ၏။

ခရစ်တော်သည် ထိုသူထံသို့ ကြွသွား၍ မိမိသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ရှင်းပြတော်မူခဲ့၏(ငယ်၃၅-၃၇)။ ဖါရိရှဲတို့မှာမူ မိမိတို့၏ အမှောင်လောကတွင် ဆက်လက် သွားလာရင်း ခရစ်တော်သည် သာမန်လူတစ်ဦးအဖြစ်ဖြင့် သာယုံကြည်ကြ၏။

***ကောင်းသော သိုးထိန်းသည် သိုးတို့ အဖို့ မိမိအသက်ကို စွန့်၏။ (အခန်းကြီး ၁၀)***

ယေရှုသည် မိမိသိုးတို့ကို ကျွေးမွေးစောင့်ထိန်းသော သိုးထိန်းကောင်းဖြစ်တော်မူ၏။ သိုးတို့ကို ခိုးယူဖျက်ဆီးလိုသူများစွာ ရှိတတ်၏။ (ငယ် ၁၀နှင့်၁၁)။ ကောင်းသော သိုးထိန်းသည် မိမိ သိုးစုကို ဂရုစိုက်၍ ကာကွယ်တော်မူ၏။

ခရစ်တော်သည် သိုးတို့အဖို့ မိမိအသက်ကို စွန့်ဖို့ရန်အသင့်ရှိ၏ (ငယ် ၁၁)။ ကိုယ်တော်သည် ကျွန်ုပ်တို့အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခဲ့၏။ ကိုယ်တော် သည်ကျွန်ုပ်တို့အတွက် မိမိအသက်ကို စွန့်တော်မူသောကြောင့် ခမည်းတော်ဘုရားကကိုယ် တော်ကိုချစ်တော်မူ၏ (ငယ် ၁၇)။ ခရစ်တော်သည် မိမိအသက်ကို စွန့်ပိုင်ခွင့်နှင့် ပြန်လည် ရယူပိုင်ခွင့်တန်ခိုးရှိ၏။ ကိုယ်တော်၏ အသံကိုကြား၍နောက်တော်သို့ လိုက်သောသူတို့သည် ကိုယ်တော်၏သိုးဖြစ်ကြ၏ (ငယ် ၂၇)။

ခရစ်ဝင်ကျမ်း၌ ရှိသော ကိုယ်တော်၏ အသံကို နားထောင်၍ ပြန်လည်တုံ့ပြန်လျှင် သင်သည် ကိုယ်တော်၏ သိုးစုဝင်တစ်ဦးဖြစ်နိုင်ပေသည်။ သင့်အနေဖြင့် တုန့်ပြန်လျှင် သင်သည် ထာဝရအသက်ကို ပိုင်ဆိုင်မည်ဖြစ်ပြီး သင့်ကို ခမည်းတော်၏ လက်မှမည်သူမျှ မလုယူနိုင်ရာ (ငယ် ၂၈၊ ၂၉) ခရစ်တော်နှင့် ခမည်းတော်တို့သည် တစ်လုံးတစ်ဝတည်း ဖြစ်၏။

ဂျူးလူမျိုးတို့က ကောင်းသော သိုးထိန်းကို မယုံကြည်ကြသော်လည်း လူအများတို့သည် ခရစ်တော် နောက်သို့ လိုက်ကြ၏ (ငယ် ၄၂)။ ယနေ့တွင်လည်း ထိုနည်းအတူ ဖြစ်၏။ လူများစွာတို့သည် ခရစ်တော်၏ စကားကို နားထောင်၍



ဖတ်ရှုကြ၏။ လူတစ်ချို့က ယုံကြည်၍ ကယ်တင်ခြင်း ရရှိကြ၏။ အခြားသူများက ယုံကြည်ကြလိမ့်မည် မဟုတ်ပေ။ ဤအကြောင်းကြောင့်ပင် သူတို့သည် ကယ်တင်ခြင်း မရရှိကြပေ။

## *သင်ခန်းစာ (၇)*
## လာဇရုနှင့် မာရိ

***ကျောင်းသားလမ်းညွှန်***

၁။ ရှင်ယောဟန် အခန်းကြီး (၁၁ နှင့် ၁၂)ကို ဖတ်ရှုပါ။
၂။ သင်ခန်းစာကို ဖတ်ရှုပါ။
၃။ စာမေးပွဲ (၇)၏ မေးခွန်းများကို ဖြေဆိုပါ။

ဘုရားသခင်၏ သားတော်သည်ကောင်းသော သိုးထိန်းဖြစ်၏။ ကိုယ်တော်သည် သိုးတို့အဖို့ မိမိအသက်ကို စွန့်တော်မူ၏။ သိုးတို့သည် ကိုယ်တော်၏ အသံကို ကြား၍ ကိုယ်တော် နောက်သို့ လိုက်ကြ၏။ ကိုယ်တော်ကို ယုံကြည်သောသူအားလုံးတို့ကို ကိုယ်တော်သည် ထာဝရအသက်ကို ပေးတော်မူ၏။

***ဘုရားသခင်၏သားတော်က၊ လူသေကိုရှင်စေတော်မူ၏။ (အခန်းကြီး ၁၁)***

ဗေသနိမြို့၌ မာရိနှင့်မာသတည်းဟူသော ညီအစ်မ နှစ်ယောက်ရှိ၏။ သူတို့၏မောင် ဖြစ်သူလာဇရုသည် နာ၍သေ၏။ (ငယ် ၄)။ ယေရှုသည် ထိုနေရာ၌ ရှိခဲ့လျှင် သူတို့၏ မောင်သည်သေမည် မဟုတ်ကြောင်း မာသနှင့်မာရိသိ၏။ (ငယ် ၂၁ နှင့် ၃၂)။ “ငါသည် ရှင်ပြန်ထ မြောက်ခြင်းနှင့်အသက်ဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။” ဟုမာသအား ယေရှုမိန့်ဆို၏။

ခရစ်တော်သည် လာဇရု၏ သင်းချိုင်းသို့ ကြွရောက်ပြီးလျှင် ကျယ်သော အသံကြီးဖြင့် “လာဇရု၊ ထွက်၍ လာလော့”ဟု မိန့်တော်မူ၏။ ဤသို့ဖြင့် လာဇရုသည် အသက်ကို ရရှိ၍ ထမြောက်ပြီး သင်္ချိုင်းတွင်းထဲမှ သူတို့ ရှေ့သို့ ထွက်လာခဲ့၏။ ယုဒလူများစွာက ကိုယ်တော်ကို ယုံကြည်ကြသော်လည်း ဖါရိရှဲများမှာမူ မယုံကြည်ပဲ ရှိနေကြသေး၏။

လူအပေါင်းတို့သည် အပြစ်သားများဖြစ်ကြ၏။ သူတို့သည် အပြစ်ထဲ၌ သေနေကြ၍ အသက် မရှိကြပါ။ သားတော်ဘုရားသည် သာလျှင် အသက်ကို ပေးပိုင်၏။ တစ်နေ့ကျလျှင် လူအပေါင်းတို့သည် ဘုရားသခင့် ရှေ့တော်၌ ရပ်ဖို့ရန် သေရာမှ ထမြောက်ရကြမည်။ ထိုအခါ ကယ်တင်ခြင်းလက်ခံဖို့ရန် နောက်ကျလွန်း